လူတစ်ဦးရှိ အစ္စလာမ်သာသနာတော်၏
လှပတင့်တယ်ခြင်းများအနက် တစ်ခုမှာ
အချည်းနှီး၊အကျိုးမဲ့ကိစ္စများကို
စွန့်လွှတ်ခြင်းဖြစ်သည်။
အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသ
ည်။ လူတစ်ဦးရှိ အစ္စလာမ်သာသနာတော်၏ လှပတင့်တယ်ခြင်းများအနက် တစ်ခုမှာ
အချည်းနှီး၊အကျိုးမဲ့ကိစ္စများကို စွန့်လွှတ်ခြင်းဖြစ်သည်။
[قال النووي: حديث حسن] [رواه الترمذي وغيره]
တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကရှင်းလင်းတင်ပြတော်မူခဲ့သည်မှာ -
မုစ်လင်မ်တစ်ဦး၏ အစ္စလာမ်သာသနာတော်၏ လှပပြည့်စုံမှုနှင့်
သူ၏အီမာန်သက်ဝင်ယုံကြည်မှု၏ ပြည့်စုံမှုမှာ ၎င်းအတွက် အရေးမကြီးသော၊
၎င်းနှင့်မသက်ဆိုင်သော၊ ၎င်းအတွက် အကျိုးမရှိသော စကားများနှင့် အပြုအမူများကို
စွန့်လွှတ်ခြင်း သို့တည်းမဟုတ် သာသနာနှင့် လောကီအရေး ကိစ္စရပ်များမှ ၎င်းအတွက်
အကျိုးမရှိသော အရာများကို စွန့်လွှတ်ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် လူတစ်ဦးအဖို့အရေးမကြီးသောအရာများကို လုံးပန်းခြင်းသည်
၎င်းအတွက် အရေးကြီးသောအရာများမှ ဝေးကွာစေနိုင်ကာ ရှောင်ကြဉ်အပ်သောအရာများသို့
ရောက်ရှိစေနိုင်သောကြောင့်တည်း။ ဧကန်မုချ၊ လူသားသည် ကိယာမသ်နေ့တွင်
မိမိ၏ပြုမူကျင့်ကြံမှုများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းခံရမည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/65255